မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် ( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ အရ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတ၏တာဝန်များကို စနစ်တကျလွှဲပြောင်းပေးနိုင်ရေးအတွက် **"နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးလှထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | ဥက္ကဋ္ဌ |
| (ခ) | ဦးရဲထွဋ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးလှထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးမောင်မောင်အုန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဇော်ဌေး<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတော်သမ္မတရုံး | အတွင်းရေးမှူး |

၂။ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းမှုစနစ်တကျရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းမှုအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဂ) သက်ဆိုင်သည့် အမြဲတမ်းအတွင်းဝန်များနှင့် ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်။

(ဃ) အခြားပူးပေါင်းဆောင်ရွက်ရန်ကိစ္စများရှိပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ကော်မတီ၏သက်တမ်းမှာ နိုင်ငံတော်အကြီးအကဲတာဝန် စနစ်တကျလွှဲပြောင်းပေးပြီးသည့် အချိန်အထိဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးမောင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်စန္ဒာဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးထွန်းအုံးအား အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

**သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၇ ။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၇ ။ )

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) နှင့် ပုဒ်မ ၁၉ တို့တွင် ပါရှိသော “သွေးဘဏ်ငယ်” ဆိုသည့် စကားရပ်ကို “သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ပ) တွင် ပါရှိသော “ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်” ဆိုသည့် စကားရပ်ကို “တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၁၀။ ပုဂ္ဂလိကသွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသောဌာနသို့ လျှောက်ထားရမည်။”

၅။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့တွင် ပါရှိသော “အဖွဲ့အစည်း သို့မဟုတ်” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၂၉။ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီအသင်းတို့သည် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ်လိုလျှင် လိုင်စင်လျှောက်ထားရန်မလိုဘဲ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

**ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၈ ။ )**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း**ဆိုသည်မှာ လူ၏ခန္ဓာကိုယ်နှင့် ယင်းခန္ဓာကိုယ် ဖွဲ့စည်းမှုတွင်ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ခ) **သေဆုံးသူ**ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ဦးနှောက်လုပ်ငန်းများအားလုံး လုံးဝရပ်စဲသွား၍သော်လည်းကောင်း၊ သွေးလည်ပတ်မှုလုပ်ငန်းများအားလုံး လုံးဝရပ်စဲသွား၍ သော်လည်းကောင်း သက်ဆိုင်ရာဆရာဝန်များကသေဆုံးကြောင်းအတည်ပြုခြင်းခံရသူကို ဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ**ဆိုရာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဆန္ဒအလျောက် အခမဲ့ခွင့်ပြုလှူဒါန်းသည့် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည် -

(၁) မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အခြားသူ တစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်တွင် အစားထိုးအသုံးပြုနိုင်ရေးအတွက် ထုတ်ယူရန်ခွင့်ပြုသော အသက် (၁၈) နှစ်ပြည့်ပြီး စိတ်ကျန်းမာရေးကောင်းမွန်သည့် သက်ရှိထင်ရှားရှိသူ၊

(၂) မိမိသေဆုံးပြီးနောက် မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် သက်ရှိထင်ရှားရှိစဉ်ကတည်းက ကြိုတင်ဆန္ဒပြုထားသူ၊

(၃) ပုဒ်မခွဲငယ် (၂)အရ ကြိုတင်ဆန္ဒပြုထားခြင်းမရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုရန်ခွင့်ပြုသည့် ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမများ၊ ယင်းတို့ တစ်ဦးတစ်ယောက်မျှမရှိ၍ ယင်းတို့၏ ကိုယ်စားခွင့်ပြုသော ဆွေမျိုးသားချင်းတစ်ဦးဦး။

(ဃ) **အရည်အသွေးစစ်ဆေးခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အစားထိုးကုသခြင်းပြုနိုင်သည့် အရည်အသွေး ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(င) **လက်ခံရေးဌာန**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ အရည်အသွေးစစ်ဆေး၍ လက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း ပြုသည့်ဌာနကို ဆိုသည်။

(စ) **သိုလှောင်ခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူပြီး အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ လိုအပ်သည့်အချိန်တွင် အသင့်ရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထိန်းသိမ်းထားခြင်းကို ဆိုသည်။

(ဆ) **ထုတ်ပေးခြင်း**ဆိုသည်မှာ သိုလှောင်ထားသောကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထုတ်ပေးခြင်းကို ဆိုသည်။

(ဇ) **အစားထိုးကုသခြင်း**ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ပျက်စီးဆုံးရှုံးရသူ၏ ပျက်စီးဆုံးရှုံးသွားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းသူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့် အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ကုသခြင်းကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလွှာ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူအား လက်ခံရေးဌာနက ထုတ်ပေးသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ည) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန် ကျန်းမာရေးဝန်ကြီးဌာန၏ အခွင့်အာဏာအပ်နှင်းခြင်း ခံရသူကို ဆိုသည်။

(ဋ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

(ဌ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း ဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုးကုသမှုခံယူရမည့်သူများ၏အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချွတ်ယွင်း၍ မသန်မစွမ်းဖြစ်သူများအား ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုး ကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသရေးလုပ်ငန်းများနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြည်သူလူထုအတွင်း ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှု ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏အကြီးအမှူးနှင့် ကိုယ်စားလှယ် (၅) ဦး — အဖွဲ့ဝင်

(၃) သင့်လျော်သော ကျွမ်းကျင်သူ ပညာရှင် (၁၇) ဦး — အဖွဲ့ဝင်

(၄) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးတက်များပြားလာရေးအတွက် ပညာပေးအစီအစဉ်များ ချမှတ်လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း၏ အရည်အသွေးစစ်ဆေးခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အစားထိုးကုသမှုဆိုင်ရာနည်းပညာတိုးတက်မြင့်မားရေးအတွက် သုတေသနလုပ်ငန်းများမြှင့်တင်နိုင်ရန်နှင့် ခေတ်မီနည်းပညာများ သင်ကြားလေ့ကျင့်နိုင်ရန် စီမံချက်များရေးဆွဲခြင်းနှင့် ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အစားထိုးကုသမှုနှင့် သုတေသနလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများသတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ကုမ္ပဏီများက ပေးအပ်သောအကူအညီကို လည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းတို့ကိုလည်းကောင်းလက်ခံရယူခြင်း၊ စနစ်တကျထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းကို ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဈ) လက်ခံရေးဌာနထားရှိရန်လိုအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို စိစစ်ရွေးချယ်၍ လက်ခံရေးဌာနထားရှိရေးအတွက် သက်ဆိုင်ရာဌာနအား ညွှန်ကြားခြင်း၊

(ည) ဤဥပဒေအရ ဖွဲ့စည်းရန်သတ်မှတ်သော အရည်အသွေး စစ်ဆေးရေးအဖွဲ့အပြင် အခြား ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

## အခန်း (၄)

## ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း

၆။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူသည် သက်ဆိုင်ရာလက်ခံရေးဌာနသို့ဆက်သွယ်၍လှူဒါန်းနိုင်သည်။

၇။ သေဆုံးသူသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူဖြစ်ကြောင်းသိရှိလျှင် သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆေးခန်းမှတာဝန်ရှိသူကသော်လည်းကောင်း၊ သေဆုံးသူ၏ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ သို့မဟုတ် ညီအစ်ကိုမောင်နှမကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတစ်ဦးဦးကသော်လည်းကောင်း အနီးဆုံးလက်ခံရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်။

၈။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ အကြောင်းကြားခွင့်ရှိသည်။ ထိုသို့ အကြောင်းကြားလာလျှင် ယင်း၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။

၉။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလက်ခံခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)

## ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း

၁၀။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည် -

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

(ခ) လိုအပ်ပါက မှုခင်းဆရာဝန်က မှုခင်းဖြစ်ရပ်တစ်ခုခုကြောင့် ရင်ခွဲစစ်ဆေးလျက်ရှိသော သေဆုံးသူထံမှ သတ်မှတ်အရည်အသွေးနှင့်ပြည့်စုံသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန် ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးထံမှ ဦးစားပေးအစီအစဉ်အတိုင်း တောင်းဆိုခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ လက်ခံရေးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၁။ မှုခင်းဆရာဝန်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းဆိုသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အောက်ပါအကြောင်းတစ်ရပ်ရပ်ရှိနေပါက ပေးအပ်ရန် ငြင်းဆိုနိုင်သည် -

(က) သေဆုံးသူက ယင်းမသေဆုံးမီ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန် ဆန္ဒမရှိကြောင်း စာဖြင့် ရေးသားထားခဲ့ခြင်း၊

(ခ) မှုခင်းဆိုင်ရာကိစ္စဖြစ်၍ ရင်ခွဲစစ်ဆေးမှုဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးက ကန့်ကွက်ခြင်း။

## အခန်း (၆)

## အရည်အသွေး စစ်ဆေးခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း

၁၂။ ကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သည့် ကျွမ်းကျင်သောပညာရှင်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၁၃။ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်းပြုလုပ်ရာတွင်

အရည်အသွေးစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိမရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ ပေးပို့ရမည်။

၁၄။ လက်ခံရေးဌာနသည် သိုလှောင်ရန် ရောက်ရှိလာသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ရမည်။

၁၅။ အစားထိုးကုသရန် လိုအပ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ တောင်းခံလာသည့်အခါ လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို စိစစ်၍ ထုတ်ပေးရမည်။

၁၆။ လက်ခံရေးဌာနသည် အစားထိုးကုသခြင်းတွင် အသုံးပြုနိုင်ခြင်းမရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း များကို ပညာသင်ကြားရာတွင်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပေးရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၇။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီက သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ မှတစ်ပါး အခြားမည်သည့်အကြောင်းကြောင့်မျှ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းမပြုရ။

၁၈။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းပြုရန် မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းပြု၍ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းစေခြင်း မပြုရ။

၁၉။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်းပြုရန် ဆန္ဒမရှိသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူရန် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရား သြဇာလွှမ်းမိုးခြင်းမပြုရ။

၂၀။ မည်သူမျှ လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှတစ်ပါး အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို လှူဒါန်းသူ၏သဘောတူညီချက်မရရှိဘဲ ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်းမပြုရ။

၂၁။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုရ။

၂၂။ မည်သူမျှ ပုဒ်မ ၁၇ မှ ပုဒ်မ ၂၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ရန်အားပေးကူညီခြင်းမပြုရ။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ ချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၇။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော မျက်စိလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၂၈။ ကျန်းမာရေးဝန်ကြီးဌာနသည် -

(က) အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင်များအတွက် သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် ကော်မတီ၏ အသုံးစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် ဆောင်ရွက်သော တာဝန်ရှိသူတို့အား ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

**ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၉ ။ )

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပင်စင်အက်ဥပဒေ (The Pensions Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

**အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၀ ။ )

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမြန်လမ်းမကြီးများဥပဒေတွင် ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "လမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

**လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၁ ။ ) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၁ ။ )**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော “ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း” ဆိုသည့် စကားရပ်ကို “လမ်းဦးစီးဌာန” ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

**လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၂ ။ ) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၂။ )**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် ပါရှိသော “ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း” ဆိုသည့် စကားရပ်ကို “လမ်းဦးစီးဌာန” ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဌ) ၏ နောက်တွင် ပုဒ်မခွဲ (ဍ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**“(ဍ) ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း အကြောင်းကြားပါက အကြောင်းကြားသည့် နေ့ရက်မှ သုံးလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်ခြင်း။”**

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဍ) ကို ပုဒ်မခွဲ (ဎ) အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

### (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ**ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“**(ဃ) ရွေးကောက်ပွဲ**ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက် ရှိသော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။”

၃။ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ**ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအားကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ **ယင်းမဲဆန္ဒနယ် အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင်** ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို**
**တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ**ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“(ဃ) ရွေးကောက်ပွဲ**ဆိုသည်မှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။**”**

၃။ **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ**ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ **ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ကန့်ကွက်လိုလျှင်** ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဃ) ရွေးကောက်ပွဲ**ဆိုသည်မှာ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာလွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်သည်။**"**

၃။ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ**ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအားကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ **ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ကန့်ကွက်လိုလျှင်** ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၅)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်းမှအဆက် ]**

**(ဖ) ပင်းတယမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးကျော်ဝင်း | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးထွန်းလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးသက်တင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိန်ခို | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးတင်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုးမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်နိုင်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးကျော်ကျော်လွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးသိန်းဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးတိုးမောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်အေးအေးဇင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်သီတာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာသန်းမင်းထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မိုးမိုးထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးကျော်ငြိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးမြင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးတင်ရွှေ | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးချစ်ကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဇော်မင်းသူ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးစန်းမောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးထားမောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးသန်းဖူး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးခင်မောင်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုင်းနော်မိန်း | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၅) | ဒေါ်အေးအေးခန့် | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

**(ဗ) ရွာငံမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးခင်မောင်တင့် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဝင်းတင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအောင်ညွန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမိုးကျော်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကျော်ဆန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဒေါက်တာခင်မိုးလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဗိုလ်သန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဒေါ်သန်းသန်းလှဲ့ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးငြိမ်းချမ်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးကျော်မျိုးသန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ကြူကြူလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးစည်သူဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးစုစုအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုးဝင်းသန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်သိန်း | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးချစ်ဦး | ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်ကြည်လေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအောင်ဇော်မြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၀) | ဦးမောင်လွင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးဘုန်းမြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးမြင့်ဦး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးခွန်သိန်းရွှေ | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၄) | ဒေါ်ဇူဇူပိုင်ဝင်း | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

(ဘ) **ကွတ်ခိုင်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးကေဒီခွန်ဖုန်း | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးအိုက်ရီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းအောင်မြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးသိန်းမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးလှခင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမင်းမင်းဇော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးမောင်မောင်အေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးလှမျိုးနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာအောင်မြင့်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်ဖေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ချိုချိုမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်နန်းအေးတင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ဌေးဌေးဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဒေါ်လွမ်းညွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစိုင်းဖူးဟန် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးလမိုင်ဂမ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးအိုက်ပူး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဂျပ်ကော့ပ်လ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအိုက်လူ | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးဇော်လတ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးတင်မောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးစိန်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးလှမင်းဦး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဒေါ်အယ်ဆိုင်းဘူ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးမိုးကျော်အောင် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၇) | ဒေါ်တောင်ဂျာခေါန် | ဒု-ဦးစီးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | တွဲဖက်အတွင်းရေးမှူး |

(မ) **နမ့်ခမ်းမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးထွန်းတင် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်ထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးသန်းလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးညွန့်ကြည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းစံထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းခမ်းပန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမျိုးမြင့်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဒေါက်တာဝင်းမော်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးထွန်းလင်းကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်နီနီအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်လှိုင်လှိုင်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးမြတ်မင်းထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်နေခြည်သွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးကျော်မင်းထိုက် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၅) | ဦးမြင့်ကျော် | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်စံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းဖန်ခမ်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းလှစိန် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမဂျီယော်ထုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုင်းကျော်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးအိုက်ရွှေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးထွန်းဖြူ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးအေးမောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၄) | ဦးစန်းငွေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဝင်းတင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးထွန်းထွန်းဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးဘိုဘိုဇော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဒေါ်နန်းစောမြ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးဝင်းရှိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြတ်မိုးဆန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ခင်ရွှေရီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ဥမ္မာအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးထန်ဒေါင့်တွန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးမျိုးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းသန်းစိန် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစိုင်းခမ်းလုံ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးကျော်လင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးခွန်တပေး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးခင်မောင်ကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးကျာအူ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးခင်မောင်ဆန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးကျော်အောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးစိုင်းမောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးကျော်စိုး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးကျော်ဆွေ | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

## ( ၄၅ ) မိုင်းကိုင်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးကျော်စိုး | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းလှအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းစိမ်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းအောင်ညွန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးရွှေအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းသန်းညွန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုးမိုးနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးချစ်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၉) | ဦးရဲသွေးကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာဟန်နိုင်စိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးကြည်မင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးစိုင်းအောင်သန်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အေးမြတ်မွန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်လှိုင်လှိုင်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းခေးဆိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးနန္ဒိယ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးသိန်းအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးတင်မိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမိုင်းအောင်ခမ်း | တအာင်း (ပလောင်) အမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုင်းမြမောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးစိုင်းလုံ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးဖိုးလှိုင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးစိုင်းမီ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုင်းအောင်လှ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးမိုးထွန်းဝင်း | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

( ပပ ) **မိုင်းရှူးမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသိန်းဝင်း | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းစိုးဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးလှညွန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးခမ်းလှ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းခွန်လူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးထွန်းကြဲ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်မျိုးသွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဖေမောင်တင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးမျိုးခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြသန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ဒေါရ်သီဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်စည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ဝင်းစပယ်ခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးမြတ်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းသန်းအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဝင်းနိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးတိမာ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၈) | ဦးခွန်လှိုင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၁၉) | ဦးစိုင်းမြင့်အောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုင်းစိန်မြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးမျိုးညွန့် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(ဖဖ) **လဲချားမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းလှထွန်း | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းစံထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းလိတ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးဖိုးကောင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးစန္ဒိမာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဒေဝိန္ဒ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးရန်မျိုးအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၈) | ဦးစိုင်းစိုးစိုးလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းသန်းစိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာဇင်မောင်နွယ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်နန်းသောင်းငွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဖေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်ခင်ထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်နန်းမေဆုအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းမြင့်ဖေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစိုးစံပွင့် (ခ) ဦးနာလိန် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းဥက္ကာ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းမျိုးမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဇင်အောင်ဖြိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးကျော်သိန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးငွေအောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးမောက်ခမ်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဒေါ်မာလာ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးလွင် | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(တတ) **လွိုင်လင်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်ဖေ | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးသန်းလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမျိုးအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးညီညီလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဒေါ်ဥမ္မာချို | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးဝင်းဇော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးငိုဘွယ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ပြုံးပြုံးကြည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာဇော်လင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးအောင်ငွေးကြွယ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အေးအေးမော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်နီလာလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးထွန်းရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစိုင်းလွင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းလင်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးခွန်မောင်ထွန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးခွန်သိန်းလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးကျော်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးအောင်ဇော်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးမောင်လှ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးတင့်လွင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုင်းဆေး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးအောင်ကျော်မင်း | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(ထထ) **ဟိုပန်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးလှငွေး | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးကျန်ပါစီး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃) | ဦးအေးမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းခွန်ဖုန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးသန်းမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းလိတ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းမျိုးမြင့်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဒေါက်တာရွှေဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | ဦးဇော်ဝင်းအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ဆန်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်မင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဇင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဦးစိုင်းဆာထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဦးမြင့်သိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးခွန်စိန် | "ဝ" ဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးဂျိုးဇက်ထွန်း | "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးစိုင်းဉာဏ်ထွန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းလှဖေ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမြင့်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအေးမြင့်ကျော် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၂) | ဦးစံထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဦးဆန်းထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးလုတ်အောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးသန်းငွေ | အတွင်းရေးမှူး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

၆။ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ရွေးကောက်ပွဲနေ့တွင် တိုင်ကြားလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဃ) ရွေးကောက်ပွဲနေ့ မဲရုံများ၌ ဖြစ်ပေါ်နေသော အငြင်းပွားမှုများအား အမြန်ဆုံး စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(င) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေ တစ်စုံတစ်ရာပေါ်ပေါက်ပါက ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် )

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ဥပဒေဆိုသည်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ ဆိုသည်မှာ စုံစမ်းစစ်ဆေးခြင်းခံရသူမဟုတ်ဘဲ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကိုသဘောရိုးဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သောတန်ဖိုးပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း အဆိုပြုသော ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ဃ) ပုံစံဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

(င) လုပ်ငန်းကော်မတီဆိုသည်မှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်ကို အထောက်အကူပြုရန်နှင့်ကော်မရှင်ကိုယ်စား လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီကို ဆိုသည်။

(စ) လုပ်ငန်းအဖွဲ့ဆိုသည်မှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်ကို အထောက်အကူပြုရန်နှင့်ကော်မရှင်ကိုယ်စား လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရန် လုပ်ငန်းကဏ္ဍအလိုက် ကော်မရှင်က ဖွဲ့စည်းပေးသည့်အဖွဲ့ကို ဆိုသည်။

**အခန်း (၂)**

**ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုရမည်။

(ခ) လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ စိစစ်တင်ပြချက်များ၊ အကြံပြုချက်များအပေါ် အဆုံးအဖြတ်ပေးခြင်း ပြုရမည်။

(ဂ) စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများ၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့် အညီ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ဃ) အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဥပဒေနှင့်အညီဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ တာဝန်ပေးအပ်သည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးအား အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်နှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုသည့်အမိန့်ကို ပုံစံ(၁) ဖြင့် ထုတ်ပေးရမည်။

(စ) သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အပ်နှံထားသည့်အဂတိလိုက်စားမှုဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန်နှင့်ငွေရေးကြေးရေး ဆိုင်ရာ မှတ်တမ်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း များမှ တာဝန်ရှိသူများအား ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) အရ ပုံစံ(၂)ဖြင့် အမိန့်ထုတ်ဆင့်နိုင်သည်။

(ဆ) သက်သေခံပစ္စည်းအဖြစ် ပုံစံ (၃) ဖြင့် သိမ်းဆည်းထားသောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည် ပေးအပ်ထားရန် အမိန့်ချမှတ်ပါက ပုံစံ(၄)ဖြင့် ချုပ်ဆိုစေရမည်။ ကတိခံဝန်ချုပ်ကို ဖောက်ဖျက်ပါက အဆိုပါ ကတိခံဝန်ချုပ်ဖြင့် ပစ္စည်းများ ပြန်လည်ပေးအပ်ထားသည့် အမိန့်ကို ရုပ်သိမ်းနိုင်သည်။

(ဇ) အဂတိလိုက်စားမှုဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) အရ တားမြစ်မိန့်ကို ပုံစံ (၅) ဖြင့် ထုတ်ဆင့်နိုင်သည်။ ထို့ပြင် လိုအပ်ပါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ချိပ်ပိတ်ထားရန် ညွှန်ကြားနိုင်သည်။

(ဈ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ကော်မရှင်အစည်းအဝေးဖြင့် ဆုံးဖြတ်ပေးခြင်း၊ ယင်းသို့ ဆုံးဖြတ်ပေးရာ၌ အမှုပိတ်သိမ်းခြင်း၊ ဥပဒေထင်မြင်ချက်ရယူစေခြင်း၊ သက်ဆိုင်ရာဌာနမှ ဆက်လက်အရေးယူရန်အကြောင်းကြားခြင်း၊ တရားစွဲဆိုရန်အကြောင်းကြားခြင်း၊ တရားစွဲဆို ခွင့်ပြုမိန့်ကိစ္စဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ ပဏာမစိစစ်ရေးအဖွဲ့ဖြင့်စိစစ်ရန် လိုအပ်သည့်ကိစ္စများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းများ ပြုလုပ်နိုင်သည်။

(ည) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ -

(၁) သက်သေခံအထောက်အထားများကို ထပ်မံစုံစမ်းစစ်ဆေးရန်လိုအပ်ပါက စုံစမ်းစစ်ဆေးပြီး တင်ပြစေရန် မူလစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(၂) အဂတိလိုက်စားမှုကျူးလွန်ခြင်းမရှိကြောင်း အထင်အရှားတွေ့ရှိလျှင် စုံစမ်းစစ်ဆေးသည့် အမှုကို ပိတ်သိမ်းရမည်။ ထို့ပြင် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်း စစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပုံစံ(၆) ဖြင့် ပြန်လည် ပေးအပ်ရမည်။

(ဋ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့တို့၏ တင်ပြချက်အရ သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ကိုဖြစ်စေ၊ ပြန်လည်ပေးအပ်သည့် အမိန့်ကိုဖြစ်စေ ချမှတ်နိုင်သည်။ သို့ရာတွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများသည် -

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးပြီးနောက် တရားရုံးသို့ တရားစွဲတင်ထားသည့် အမှုနှင့်သက်ဆိုင်နေပါက ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်းမပြုသေးဘဲ ဆိုင်းငံ့ထားပြီး သက်ဆိုင်ရာ တရားရုံး၏ နောက်ဆုံး အတည်ဖြစ်သည့် အမိန့်၊ စီရင်ချက်နှင့်အညီ လိုအပ်သည့် အမိန့်ချမှတ်ရမည်။

(၂) တရားစွဲတင်နိုင်လောက်သည့် အထောက်အထားမရရှိသော်လည်း အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိခြင်းမှန်ကန်မှုရှိ/မရှိ ပဏာမစိစစ်ရေးအဖွဲ့က စိစစ်တင်ပြလာပါက လိုအပ်သည့်အမိန့် ချမှတ်ရမည်။

(ဃ) စုံစမ်းစစ်ဆေးခြင်းခံရသူက အဂတိလိုက်စားမှုကိုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ စုံစမ်းရှာဖွေမတွေ့နိုင်ကြောင်း၊ ကွယ်လွန်ကြောင်း သို့မဟုတ် ပြည်ပသို့အပြီးအပိုင်ထွက်ခွာသွားကြောင်း အထင်အရှားပေါ်ပေါက်ပါက အဂတိလိုက်စားမှုနှင့် သက်ဆိုင်သောငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့တို့၏ တင်ပြချက်အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် ချမှတ်နိုင်သည်။

(င) သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် မချမှတ်မီဖြစ်စေ၊ ချမှတ်ပြီးနောက်တွင်ဖြစ်စေ စုံစမ်းစစ်ဆေးခြင်းခံရသူက ပဏာမစိစစ်ရေးအဖွဲ့ စစ်ဆေးကြားနာပြီးနောက် ရက်ပေါင်း (၆၀) အတွင်း ယခင်စုံစမ်းစစ်ဆေးကြားနာစဉ် ၎င်းအနေဖြင့် မည်သို့မျှတင်ပြနိုင်ခဲ့ခြင်းမရှိသော သက်သေ သို့မဟုတ် စာတမ်းအမှတ်အသားနှင့်အထောက်အထားများကိုတင်ပြ၍ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့အား ထပ်မံစုံစမ်း စစ်ဆေးစေရန် သို့မဟုတ် ပဏာမစိစစ်ရေးအဖွဲ့အား ထပ်မံ၍ စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။

(စ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူစာရင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြေညာရမည်။

(ဆ) လုပ်ပိုင်ခွင့်အာဏာရှိသူ အမျိုးအစား၊ ရာထူး၊ တာဝန်အစရှိသည်တို့ကို သတ်မှတ်ပေးခြင်း၊ ယင်းတို့၏ ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့်ရရန်ပိုင်ခွင့်များ စာရင်းပြုစုတင်ပြစေခြင်း၊ ယင်းသို့တင်ပြလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ/မရှိ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ဖြင့် စိစစ်စေခြင်းပြုရမည်။

(ဇ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဥပဒေအကြံဉာဏ်ရယူရန်၊ တရားစွဲဆိုရန်လိုအပ်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတွင် တရားစွဲဆိုရန်နှင့် ဥပဒေပုဒ်မ ၆၅ နှင့်အညီ တရားစွဲဆိုခွင့်ပြုမိန့်ရယူရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေးရေးမှူးတို့ကို တာဝန်ပေးအပ်ရမည်။

၄။ ကော်မရှင်သည် နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ (ဃ) အရ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့က တင်ပြလာသည့်ကိစ္စရပ်အပေါ် ဆက်လက်ဆောင်ရွက်ရန် သင့်/မသင့် ဆုံးဖြတ်ရမည်။

၅။ ကော်မရှင်သည် -

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်းများပေးရေး၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေးနှင့် ပြည်တွင်းပြည်ပဗဟုသုတဖလှယ်ရေးတို့အတွက် စီစဉ်ခြင်း၊ ကြီးကြပ်ခြင်းနှင့်လမ်းညွှန်ခြင်းပြုရမည်။

## အခန်း (၃)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ တင်ပြချက်အရလည်းကောင်း စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်ပါက ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ခေါင်းဆောင်၍ သင့်လျော်သည့် နိုင်ငံသား (၅) ဦးထက်မနည်းပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို ကိစ္စရပ်အလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိမှသာ စတင်စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် ပုံစံ (၃) ဖြင့် သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၇ အရ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ -

(က) တိုင်ကြားမှုအား အတည်ပြုရန် လိုအပ်သော စုံစမ်းမှုများပြုလုပ်၍ အမှုတွဲဖွင့်လှစ်ရမည်။

(ခ) စုံစမ်းစစ်ဆေးရာတွင် စုံစမ်းစစ်ဆေးခြင်းခံရသူအား ကော်မရှင်၏ ခွင့်ပြုမိန့်ကို ပြသ၍ မည်သည့်ကိစ္စအတွက် စုံစမ်းစစ်ဆေးခြင်းဖြစ်ကြောင်း ဦးစွာရှင်းပြရမည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံမှဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများကို တောင်းယူ၍ စစ်ဆေးခြင်းပြုနိုင်သည်။

(ဃ) စုံစမ်းစစ်ဆေးခြင်းခံရသူကိုဖြစ်စေ၊ အခြားလိုအပ်သည့် ပုဂ္ဂိုလ်များကိုဖြစ်စေ ဆင့်ဆို၍ ထွက်ဆိုချက်များ ရယူနိုင်သည်။

(င) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်နှင့် ရှာဖွေသိမ်းဆည်းခွင့်ရှိသည်။

(စ) စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို သိမ်းဆည်းရန်လိုအပ်ပါက ချိပ်ပိတ်၍ သိမ်းဆည်းရမည်။ ယင်းပစ္စည်းများကို ကော်မရှင်က သတ်မှတ်သည့်ဘဏ်တွင် လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

(ဆ) ယာဉ်အမျိုးမျိုး၊ စက်အမျိုးမျိုး၊ ယင်းတို့နှင့်သက်ဆိုင်သော ပစ္စည်းများ၊ စာရွက်စာတမ်းများကို သိမ်းဆည်းရန်လိုအပ်ပါက သိမ်းဆည်းရမည်။ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း သိမ်းဆည်းထားသောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားရန် ကော်မရှင်က ခွင့်ပြုလျှင် လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့်ချုပ်ဆို၍ ယင်းပစ္စည်းများကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရမည်။

(ဇ) ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်များကို သိမ်းဆည်းရန် လိုအပ်ပါက သိမ်းဆည်းရမည်။ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄)ဖြင့် ချုပ်ဆို၍ ထိုတိရစ္ဆာန်များကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရမည်။

(ဈ) အိမ်ထောင်ပရိဘောဂများ၊ တူရိယာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ စသည့်ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုသိမ်းဆည်းရန်လိုအပ်ပါက သိမ်းဆည်းပြီး စုံစမ်းစစ်ဆေးနေသောကာလအတွင်း လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့် ချုပ်ဆို၍ ထိုပစ္စည်းများကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရမည်။

(ည) နည်းဥပဒေခွဲ (ဆ)၊ (ဇ) နှင့် (ဈ) တို့အရ ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံမည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ ကော်မရှင်၏ တားမြစ်မိန့် ပုံစံ (၅) ရရှိပြီးမှသာ ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားရမည်။

(ဋ) နည်းဥပဒေခွဲ (င) မှ (ဈ) ထိတွင် ဖော်ပြထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ငွေကြေးနှင့်ပစ္စည်းများကိုသိမ်းဆည်းခြင်းပြုရာ၌ ရှာဖွေသက်သေနှစ်ဦး၏ ရှေ့တွင် ပစ္စည်းသိမ်းဆည်းခြင်းပုံစံ (၃) ဖြင့် သုံးစောင်ပြုလုပ်၍ သိမ်းဆည်းရမည်။ ထိုပုံစံတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ ရှာဖွေသက်သေများနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်တို့က လက်မှတ်ရေးထိုးရမည်။ ပစ္စည်းသိမ်းဆည်းခြင်းပုံစံ (၃) တစ်စောင်ကို စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပေးရမည်။

၉။ စစ်ဆေးရေးမှူးသည် မိမိအားတာဝန်ပေးအပ်ထားသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်ထံ နေ့စဉ်တင်ပြရမည်။

၁၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာများအရ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်နိုင်သည်အထိ သို့မဟုတ် ပဏာမစိစစ်ရေးအဖွဲ့မှ စစ်ဆေးအရေးယူနိုင်သည်အထိ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများအားလုံးကို လုပ်ဆောင်၍ ကော်မရှင်သို့ အစီရင်ခံစာတင်ပြရမည်။

၁၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်မှ တရားစွဲဆိုရန် တာဝန်ပေးအပ်လာပါက စစ်ဆေးရေးမှူးတစ်ဦးဦးအား တရားလိုပြုလုပ်စေ၍ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်နိုင်ရေးအတွက် လိုအပ်သောအမှုလိုက်စာတွဲများပြုစု၍ ဆောင်ရွက်ရမည်။

၁၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့က အစီရင်ခံစာတင်ပြပြီးနောက် ကော်မရှင်ကတရားစွဲတင်ရန်ဆုံးဖြတ်လိုက်ပါက စစ်ဆေးရေးမှူးတစ်ဦးဦးသည် တရားစွဲဆိုခွင့်ပြုမိန့်တောင်းခံခြင်း၊ တရားစွဲတင်မည့် အမှုတွဲကိုပြည့်စုံအောင်တည်ဆောက်ခြင်း၊ တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်တောင်းခံခြင်း စသည်တို့ကို စစ်ဆေးရေးမှူးချုပ်မှတစ်ဆင့် ကော်မရှင်သို့ တင်ပြဆောင်ရွက်ရမည်။

၁၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေခံအဖြစ် သိမ်းဆည်းထားသည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုစုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း အောက်ပါ အမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ချမှတ်ပေးရန် အကြောင်းပေါ်ပေါက်လာလျှင် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည် -

(က) ခံဝန်ဖြင့် ပြန်လည်ပေးအပ်ရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ လျှောက်ထားချက်အရ လုံလောက်သော ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့်အမိန့်၊

(ခ) တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း မပြုရန် တားမြစ်သည့်အမိန့်၊

(ဂ) မြေနှင့် အဆောက်အအုံအား ချိပ်ပိတ်ရန် ညွှန်ကြားချက်။

၁၄။ ကော်မရှင်သည် -

(က) နည်းဥပဒေ ၁၃ အရ တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့်အမိန့်နှင့်ညွှန်ကြားချက်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုသည့် ပစ္စည်းသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်က ခွင့်မပြုသော အခြားပစ္စည်းများဖြစ်လျှင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ စနစ်တကျ လွှဲအပ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌထံ အမှုတွဲနှင့်အတူ တင်ပြရမည်။ ထိုအစီရင်ခံစာတွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုအပ်သလို ထည့်သွင်းဖော်ပြရမည် -

(က) ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဘအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ရာထူး၊ လစာ၊ ဝင်ငွေ၊

(ဂ) ကျူးလွန်သော ပြစ်မှုအမျိုးအစားနှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်၊

(ဃ) စုံစမ်းစစ်ဆေးခြင်းခံရသူက ပြည်တွင်းပြည်ပရှိ ငွေကြေးနှင့် ပစ္စည်းများကို စတင်ပိုင်ဆိုင်ခဲ့သည့် သို့မဟုတ် အကျိုးခံစားခဲ့သည့် နေ့ရက်၊

(င) ငွေကြေးသွင်းခြင်း၊ ထုတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ပုံနှင့် ထိုသို့ပြုလုပ်သည့် နေ့ရက်၊

(စ) ပစ္စည်းအမျိုးအစား၊ ယင်းပစ္စည်းကို ရယူပိုင်ဆိုင်ခဲ့သည့် နည်းလမ်းနှင့် ပိုင်ဆိုင်မှုလွှဲပြောင်းသည့် နေ့ရက်၊

(ဆ) ပစ္စည်းများ၏ ခန့်မှန်းခြေ ကာလတန်ဖိုးနှင့် တည်ရှိရာနေရာနှင့် စုံစမ်းစစ်ဆေးသည့်အချိန်တွင် ထိုပစ္စည်းများမရှိပါက မရှိရသည့်အကြောင်း၊

(ဇ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ပစ္စည်းနှင့် ထိန်းချုပ်မှုအောက်တွင် မရှိသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ အမည်ခံလွှဲပြောင်းထားသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ လွှဲပြောင်းထားသည့် ပစ္စည်းအမျိုးအစား၊ အခြားသူပိုင်ပစ္စည်းနှင့် ရောထွေးနေပြီး သီးခြားခွဲထုတ်ရန် လွယ်ကူသော ပစ္စည်းအမျိုးအစားနှင့် လွယ်ကူခြင်းမရှိသော ပစ္စည်းအမျိုးအစား များအပြင် ပစ္စည်းတစ်ခုချင်းအလိုက် ကာလတန်ဖိုး၊

(ဈ) သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ တင်ပြချက်၊

(ည) ကော်မရှင်က ထုတ်ဆင့်သည့် အမိန့်နှင့် ညွှန်ကြားချက်အရ မိမိ၏ ဆောင်ရွက်ချက်အကျဉ်း၊

(ဋ) သက်သေခံ စာတမ်းအမှတ်အသားများနှင့် သက်သေများစာရင်း၊

(ဌ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်၊

၁၆။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၄)

## ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ထိန်းသိမ်းထားရှိသည့် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင်ရန် တားမြစ်သည့် အမိန့်ထုတ်ဆင့်နိုင်ရေးအတွက်လည်းကောင်း၊ အပ်နှံထားသည့် ငွေကြေးနှင့်ပစ္စည်းများ၊ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့် ရရှိရေးအတွက်လည်းကောင်း အောက်ပါအချက်အလက်များကို ဖော်ပြပြီး ကော်မရှင်သို့ အမြန်တင်ပြရမည်-

(က) စုံစမ်းဖော်ထုတ်ချက်အရ သိရှိသော ကျူးလွန်သည့်ပြစ်မှု အကျဉ်းချုပ်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိချက်၊

(ဂ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် ဆောင်ရွက်မည့် အချိန်ကာလ၊

(ဃ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် သက်ဆိုင်သော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းအမည်နှင့် လိပ်စာ။

၁၈။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ နည်းဥပဒေ ၁၇ အရ တင်ပြချက်ကိုစိစစ်ပြီး စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ငွေကြေးနှင့်ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်းမပြုရန် တားမြစ်သည့်အမိန့်၊

(၂) ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုသည့်အမိန့်၊ မိတ္တူကူးယူခွင့်ပြုသည့် အမိန့်၊

(၃) ငွေရေးကြေးရေးမှတ်တမ်းများ၊ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုသည့်အမိန့်။

(ခ) နည်းဥပဒေခွဲ (က) ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ သက်ဆိုင်ရာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူအား ထိုအမိန့်ထုတ်ဆင့်ပြီး အမိန့်မိတ္တူကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အကြီးအကဲထံသို့ ပေးပို့ရမည်။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးသည် -

(က) ကော်မရှင်က ထုတ်ဆင့်သော အမိန့်နှင့်အညီ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူက အပ်နှံသော၊ ပေးသွင်းသော သို့မဟုတ် လွှဲပြောင်းသော ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ဠ)နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ လက်ဝတ်လက်စား၊ ငွေကြေးနှင့်အဖိုးတန်ပစ္စည်းများကို ကော်မရှင်က သတ်မှတ်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းသို့ လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

## အခန်း (၅)
## သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တားမြစ်သည့် အမိန့်ချမှတ်ခြင်းနှင့် ချိပ်ပိတ်ရန်ညွှန်ကြားခြင်း

၂၀။ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း အမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုလုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များအား ကော်မရှင်က တားမြစ်သည့်အမိန့်ထုတ်ဆင့်သည့်အခါ သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား ချိပ်ပိတ်ရန် ညွှန်ကြားသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသော သို့မဟုတ် ချိပ်ပိတ်ရန် ညွှန်ကြားသောပစ္စည်းတည်ရှိသည့်နေရာ၌ ယင်းအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို အများမြင်သာသောနေရာတွင် ကပ်ထားရမည့်အပြင် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ကပ်ထားရမည်။

(ခ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းမပြုပါက ထိုပစ္စည်းတွင် နေထိုင်သူများအား ဖယ်ရှားပြီး သော့ခတ်၍ ချိပ်ပိတ်သိမ်းဆည်းထားရမည်။

(ဂ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား လုံခြုံစွာထိန်းသိမ်းထားရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် ပစ္စည်းတွင်အကျိုးသက်ဆိုင်သူက ခိုင်လုံသော အထောက်အထားတင်ပြ၍ လျှောက်ထားလာလျှင် ကော်မရှင်၏ အမိန့်အရ လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ(၄)ဖြင့် ချုပ်ဆိုစေပြီး ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြန်လည်ပေးအပ်နိုင်သည်။

၂၂။ စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းခံရသူသည် ကော်မရှင်က တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသည့် သို့မဟုတ် ချိပ်ပိတ်ရန်ညွှန်ကြားသည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သူတစ်ပါးအား နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း မပြုရ။

## အခန်း (၆)
## ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၃။ ကော်မရှင်သည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းအချက်အလက်

အရဖြစ်စေ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် သို့မဟုတ် အဂတိလိုက်စားမှု ကျူးလွန်ခြင်းကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများမှန်ကန်ကြောင်း ပေါ်ပေါက်သော်လည်း တရားစွဲတင် နိုင်လောက်သည့် သက်သေခံ အထောက်အထားများမရရှိလျှင် ယင်းသက်သေခံငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/မသင့် စိစစ်တင်ပြနိုင်ရေးအတွက် ပဏာမစိစစ်ရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ် အနည်းဆုံး (၅) ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့တွင် မူလစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည့် ကော်မရှင်အဖွဲ့ဝင်မှအပ ကျန်ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ရမည်။

၂၄။ ပဏာမစိစစ်ရေးအဖွဲ့သည် -

(က) ကော်မရှင်ကထုတ်ဆင့်သော အမိန့်နှင့်အညီ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေး ကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူက အပ်နှံသော၊ ပေးသွင်းသော သို့မဟုတ် လွှဲပြောင်းသောငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်း အဖြစ် သိမ်းဆည်းခြင်းတို့ကို နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ဠ) နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို ကော်မရှင်ကသတ်မှတ်သည့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းသို့ လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

၂၅။ ပဏာမစိစစ်ရေးအဖွဲ့သည် စိစစ်နေသည့်ကာလအတွင်း အမှုနှင့်သက်ဆိုင်သည့် သက်သေခံ ပစ္စည်းများကို ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင် ပြောင်းလဲခြင်းမပြုလုပ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ကော်မရှင်က တားမြစ်သည့် အမိန့်ထုတ်ဆင့်သည့်အခါ သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား ချိပ်ပိတ်ရန် ညွှန်ကြားသည့်အခါ ပဏာမစိစစ်ရေးအဖွဲ့သည် -

(က) တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသော သို့မဟုတ် ချိပ်ပိတ်ရန် ညွှန်ကြားသောပစ္စည်းတည်ရှိသည့် နေရာ၌ ယင်းအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို အများမြင်သာသောနေရာတွင်ကပ်ထားရမည့်အပြင် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ကပ်ထားရမည်။

(ခ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းမပြု ပါက ထိုပစ္စည်းတွင် နေထိုင်သူများအားဖယ်ရှားပြီးသော့ခတ်၍ ချိပ်ပိတ်သိမ်းဆည်းထားရမည်။

(ဂ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား လုံခြုံစွာထိန်းသိမ်းထားရန် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၆။ ပဏာမစိစစ်ရေးအဖွဲ့သည် ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်း စစ်ဆေးနေသည့်ကာလအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်း သိမ်းဆည်းခြင်းခံရသူ သို့မဟုတ် ပစ္စည်းတွင်အကျိုးသက်ဆိုင်သူက ခိုင်လုံသောအထောက်အထားတင်ပြ၍ လျှောက်ထားလာလျှင် ကော်မရှင်၏အမိန့်အရ လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄)ဖြင့် ချုပ်ဆိုစေပြီး ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြန်လည်ပေးအပ်နိုင်သည်။

၂၇။ ပဏာမစိစစ်ရေးအဖွဲ့သည် -

(က) ကော်မရှင်က တာဝန်ပေးအပ်သည့်အခါ ပဏာမစိစစ်ရေးအမှုတွဲဖွင့်လှစ်၍ ဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း ခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့ထံ ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ရက်ပေါင်း (၃၀) အတွင်း လာရောက်ခုခံချေပဖြေရှင်းရန် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားသော်လည်း လာရောက်ခုခံချေပခြင်းမရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးထားသော သက်သေများနှင့် အခြားလိုအပ်သော သက်သေများကို ဆင့်ခေါ်၍ စစ်ဆေးကြားနာပြီး သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၂၈။ ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားခြင်းခံရသူက သတ်မှတ်သည့်ကာလအတွင်း လာရောက်ဖြေရှင်းသည့်အခါ -

(က) ပဏာမစိစစ်ရေးအဖွဲ့အနေဖြင့် စတင်စိစစ်သောကိစ္စရပ်ဖြစ်ပါက နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ခ) မှ (ဃ)အထိတွင်ပါရှိသော စုံစမ်းစစ်ဆေးရေးအဖွဲ့က ဆောင်ရွက်သည့်နည်းလမ်းများအတိုင်း စိစစ်သည့်လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကိုမည်သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်မသင့်ကြောင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့အား ခုခံချေပဖြေရှင်းရန် ရှင်းလင်းပြောကြားရမည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့က အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်ကြောင်း ဝန်ခံလျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၂၉။ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့က အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း မဟုတ်ကြောင်း ငြင်းဆိုလျှင် ပဏာမစိစစ်ရေးအဖွဲ့သည်-

(က) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့က စစ်ဆေးထားသော သက်သေများကို ဦးစွာစစ်ဆေး ကြားနာရမည်။

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့်သက်သေခံပစ္စည်းတွင်အကျိုးသက်ဆိုင်သူတို့ကို စစ်ဆေးကြားနာပြီး ၎င်းတို့တင်ပြသည့် စာရွက်စာတမ်းအထောက်အထားများကို စိစစ်၍ သက်သေခံအဖြစ်လက်ခံခြင်း သို့မဟုတ် သက်သေခံအဖြစ်လက်ခံရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့်သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့က တင်ပြသော သက်သေများကို စစ်ဆေးကြားနာရမည်။

(ဃ) လိုအပ်ပါက စစ်ဆေးချက်အရ ပေါ်ပေါက်သော ပုဂ္ဂိုလ်များကိုသက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း၊ စစ်ဆေးပြီးသောသက်သေများကို ထပ်မံစစ်ဆေးခြင်း ပြုနိုင်သည်။

(င) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့်သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့၏ ခုခံချေပချက်အရဖြစ်စေ သက်သေခံအထောက်အထားတစ်ရပ်ကို ထပ်မံစစ်ဆေးရယူရန်လိုအပ်ကြောင်းတွေ့ရှိလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ထပ်မံ၍စုံစမ်းစစ်ဆေးတင်ပြစေရန် ကော်မရှင်သို့တင်ပြရမည်။

(စ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူနှင့်နှစ်ဖက်သက်သေများ၏ အစစ်ခံချက်များ၊ သက်သေခံစာရွက်စာတမ်း အထောက်အထားများကို စိစစ်သုံးသပ်ပြီး သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၃၀။ ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ (စ) အရ တင်ပြချက်အပေါ် ထပ်မံစစ်ဆေးကြားနာပြီး ပြန်လည်တင်ပြရန် ကော်မရှင်က ညွှန်ကြားလာသည့်အခါ လိုအပ်သောသက်သေများကို

ထပ်မံစစ်ဆေးခြင်း၊ သက်သေခံချက်များကို ထပ်မံရယူခြင်းပြုလုပ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြန်လည်တင်ပြရမည်။

၃၁။　ပဏာမစိစစ်ရေးအဖွဲ့သည် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူက သက်သေခံအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို သဘောရိုးဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သောတန်ဖိုးပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း လျှောက်ထားချက်အပေါ် စိစစ်ပြီး စစ်ဆေးတင်ပြရန်ကော်မရှင်က ညွှန်ကြားလာလျှင် နည်းဥပဒေ ၂၈ နှင့် ၂၉ တို့နှင့်အညီ လိုအပ်သော စစ်ဆေးချက်နှင့် သက်သေခံချက်များရယူပြီး ထိုသူတောင်းဆိုသည့် အခွင့်အရေးကိုပေးရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၃၂။　အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာတင်ပြရမည်။

## အခန်း (၇)

## လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း

### လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၃။　ကော်မရှင်သည် -

(က) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းကော်မတီများကို အဖွဲ့ဝင်အနည်းဆုံး (၃) ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) အောက်ဖော်ပြပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်-

(၁) မူဝါဒရေးရာလုပ်ငန်းကော်မတီ

(၂) နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ

(၃) ဥပဒေရေးရာလုပ်ငန်းကော်မတီ

(၄) တိုင်ကြားစာ စိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ

(၅) ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ

(၆) ပြန်ကြားရေးလုပ်ငန်းကော်မတီ

(၇) စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ

(၈) လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းကော်မတီ

၃၄။　လုပ်ငန်းကော်မတီများသည် -

(က) မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လုပ်ဆောင်မည့်နည်းလမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲကာ ကော်မရှင်သို့ တင်ပြရမည်။

(ခ) ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် အကြံဉာဏ်များ၊ လက်တွေ့လုပ်ကိုင်ရာတွင် ဖြစ်ပေါ်နိုင်မည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကြိုတင်တွက်ဆ၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေစုစည်းကာ ကော်မရှင်သို့ တင်ပြရမည်။

(ဂ) လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လုပ်ငန်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များ အပေါ် လေ့လာသုံးသပ်သုတေသနပြု၍ မှတ်တမ်းတင်ထားရှိခြင်း၊ အပြန်အလှန်ဆွေးနွေး အဖြေရှာခြင်း ပြုရမည်။

(ဃ) ကော်မရှင်၏ လမ်းညွှန်ချက်ဖြင့် စစ်ဆေးရေးမှူးများ၊ ဝန်ထမ်းများ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်။

(င) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

(စ) မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလတစ်ကြိမ် ကော်မရှင်ဥက္ကဋ္ဌထံတင်ပြရမည်။

(ဆ) ကော်မရှင်က ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) အရ လွှဲအပ်တာဝန်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ရမည်။

## လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၅။ ကော်မရှင်သည် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းအဖွဲ့များကို လုပ်ငန်းကဏ္ဍအလိုက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား ဦးဆောင်စေလျက် ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၆။ လုပ်ငန်းအဖွဲ့များသည် -

(က) မိမိတို့လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လုပ်ဆောင်မည့်နည်းလမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲကာ ကော်မရှင်သို့ တင်ပြရမည်။

(ခ) ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် အကြံဉာဏ်များ၊ လက်တွေ့လုပ်ကိုင်ရာတွင် ဖြစ်ပေါ်နိုင်မည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကြိုတင်တွက်ဆ၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေစုစည်းကာ ကော်မရှင်သို့ တင်ပြရမည်။

(ဂ) လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များအပေါ် လေ့လာသုံးသပ်သုံးသပ်သုတေသနပြု၍ မှတ်တမ်းတင်ထားရှိခြင်း၊ အပြန်အလှန်ဆွေးနွေး အဖြေရှာခြင်း ပြုရမည်။

(ဃ) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာများနှင့်စပ်လျဉ်း၍ ဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ တိုင်ကြားစာတွင်ပူးတွဲပါရှိလာသည့် အထောက်အထားများနှင့် တိုင်ကြားမှု မှန်/မမှန် သိရှိနိုင်ရန် တိုင်ကြားသူထံမှ သတင်းအတည်ပြုချက်ရယူခြင်း၊ အခြား အထောက်အကူပြုနိုင်မည့် အချက်အလက်များ စုံစမ်းထောက်လှမ်းရယူခြင်းတို့ကို ပြုလုပ်ပြီး အစီရင်ခံစာရေးသား၍ ကော်မရှင်သို့ တင်ပြရမည်။

(င) နည်းဥပဒေခွဲ (ဃ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာရေးသားရာတွင် အောက်ပါအတိုင်း တင်ပြရမည် -

(၁) တိုင်ကြားစာတွင် ဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက တိုင်ကြားချက်အား ပယ်ရန်တင်ပြခြင်း၊

(၂) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့သည် ဥပဒေအရ တရားစွဲဆိုခြင်းမပြုနိုင်သည့် ကိစ္စရပ်ဖြစ်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာ ဝန်ထမ်းအကြီးအကဲထံသို့ အကြောင်းကြားနိုင်ရေးအတွက် ထောက်ခံတင်ပြခြင်း၊

(၃) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့သည် တရားစွဲဆိုနိုင်သည့်အခြေအမြစ်မရှိသော်လည်း အဂတိလိုက်စားမှုဖြင့်ရရှိသော ငွေကြေးနှင့်ပစ္စည်းများဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ပါက ယင်းငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ပဏာမ စိစစ်ရေးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(၄) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့တွင်ပါရှိသော စွပ်စွဲချက်များမှန်ကန်ပြီး တရားစွဲဆိုအရေးယူနိုင်သည့် အခြေအနေရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးသင့်ကြောင်း ထောက်ခံတင်ပြခြင်း၊

(စ) လုပ်ငန်းအဖွဲ့သည် တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့ကိုစိစစ်ရာတွင် သတင်းပေါက်ကြားမှု မဖြစ်စေရေးနှင့် လုပ်ငန်းလျင်မြန်စေရေးအတွက် သတ်မှတ်ကာလအတွင်း စိစစ်တင်ပြရမည်။

(ဆ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိသည့်အခါ လုပ်ငန်းအဖွဲ့သည် လိုအပ်သော စုံစမ်းထောက်လှမ်းမှုများပြုလုပ်ပြီး ခိုင်လုံသည့် သတင်းအချက်အလက်အဖြစ် သတ်မှတ်နိုင်ရန်

ကော်မရှင်ဥက္ကဋ္ဌထံ တင်ပြရမည်။ ကော်မရှင်ဥက္ကဋ္ဌသည် လုပ်ငန်းအဖွဲ့၏ တင်ပြချက်ကို လေ့လာသုံးသပ်ပြီး ခိုင်လုံသည့်သတင်းအချက်အလက် ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ရန် ကော်မရှင်အစည်းအဝေးသို့ သဘောထားမှတ်ချက်ဖြင့် ဆက်လက်တင်ပြရမည်။

(ဇ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

(ဈ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလတစ်ကြိမ် ကော်မရှင်ဥက္ကဋ္ဌထံတင်ပြရမည်။

(ည) ကော်မရှင်က ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ လွှဲအပ်တာဝန်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၅၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

### ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဃ) ၏ နောက်တွင် "ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများ၏ နည်းဥပဒေ ၅ တွင် -

(က) နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် "ယင်းကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာနှင့် အကူအညီများ ပံ့ပိုးရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေခွဲ (ဂ) ၏ နောက်တွင် "ယင်းကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာအကူအညီများပေးခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများ၏ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဃ) ၏ နောက်တွင် "ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

အမှတ် ၁၁၄ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါရုံးအုပ် (၅) ဦးအား ယင်းတို့နှင့် ယှဉ်တွဲပါရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်စိုးစိုးတင့် | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ |
| (၂) | ဒေါ်ရွှေချယ်ခိုင်ခိုင်အေး | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ |
| (၃) | ဦးသူရကျော် | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ |
| (၄) | ဒေါ်သီတာထွန်း | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၅) | ဒေါ်ကြည်ကြည်မွန် | ရုံးအုပ်<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (အုပ်ချုပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တေးဂီတဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၁၁၅ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ အောက်ဖော်ပြပါအသံလွှင့်ကျွမ်းကျင် (၁) ရာထူးရှိ အမှုထမ်း (၁၀)ဦးအား ယင်းတို့နှင့် ယှဉ်တွဲပါရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်သင်းသင်းခိုင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၂) | ဦးစောမင်းနောင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၃) | ဒေါ်မီမီခိုင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၄) | ဒေါ်မေသက်ထွန်း | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၅) | ဒေါ်သဲစုလှိုင်ထွန်း | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၆) | ဒေါ်ကေသွယ်ဝင်း | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (အယ်ဒီတာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၇) | ဒေါ်မေသန်းခိုင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (အယ်ဒီတာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၈) | ဦးမောင်မောင်စု | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (အယ်ဒီတာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၉) | ဒေါ်နွဲ့နွဲ့ခိုင် | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (အယ်ဒီတာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |
| (၁၀) | ဒေါ်နော်သန်းငွေး | အသံလွှင့်ကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၁၁၆ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တေးဂီတဌာနခွဲမှ အောက်ဖော်ပြပါအနုပညာရှင် (၁) ရာထူးရှိ အမှုထမ်း (၅) ဦးအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဦးကြည်သန်း | အနုပညာရှင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (တေးသံစုံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တေးဂီတဌာနခွဲ |
| (၂) | ဦးရဲမင်း | အနုပညာရှင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (တေးသံစုံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တေးဂီတဌာနခွဲ |
| (၃) | ဒေါ်တင်မေသက် | အနုပညာရှင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (သီချင်းကြီး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တေးဂီတဌာနခွဲ |
| (၄) | ဒေါ်ခင်စုစုမာ (ခ)<br>ဒေါ်ရွှေရည်ဝင်းလက် | အနုပညာရှင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (သီချင်းကြီး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တေးဂီတဌာနခွဲ |
| (၅) | ဒေါ်စိုးစိုးရီ | အနုပညာရှင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (ဆိုင်းဝိုင်းကြီး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တေးဂီတဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၁၁၇ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားဌာနခွဲမှ အောက်ဖော်ပြပါရုပ်သံကျွမ်းကျင် (၁) ရာထူးရှိ အမှုထမ်း (၂၁)ဦးအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **မူလရာထူး/လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း** |
|---|---|---|---|
| (၁) | ဒေါ်မွန်မွန်တင် | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လွှင့်ရေးမှူး) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၂) | ဒေါ်မေသန့်ဇင်ဦး | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လွှင့်ရေးမှူး) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၃) | ဒေါ်အေးအေးမာ | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (အယ်ဒီတာ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၄) | ဦးစောနိုင်ထွန်း | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၅) | ဒေါ်ခင်အေးပွင့် | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၆) | ဦးအောင်နေဝင်းထွန်း | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၇) | ဦးကျော်မျိုးနိုင် | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၈) | ဒေါ်စန်းထွေး | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၉) | ဒေါ်ထက်ထက် | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၁၀) | ဒေါ်သူဇာဝင်းဆွေ | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၁၁) | ဒေါ်ဥမ္မာဝင်း | ရုပ်သံကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-သတင်း) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရုပ်မြင်ဌာနခွဲ |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁၂) | ဒေါ်မေမျိုးထွန်း | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လွှင့်ရေးမှူး-အစီအစဉ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၃) | ဒေါ်သိန်းသိန်း | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လွှင့်ရေးမှူး-အစီအစဉ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၄) | ဒေါ်လေးခိုင်ခိုင်အေး | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး-ဒီဇိုင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၅) | ဒေါ်ခင်ထွေးငယ် | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ(ထုတ်လုပ်ရေးမှူး-စတူဒီယို)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၆) | ဦးအေးနိုင် | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၇) | ဦးဌေးမြင့် | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၈) | ဒေါ်မြင့်မြင့်စိုး | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၁၉) | ဒေါ်စန်းစန်းအေး | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၂၀) | ဒေါ်ချိုမာခိုင် | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |
| (၂၁) | ဒေါ်သူသူအေး | ရုပ်သံကျွမ်းကျင် (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (ထုတ်လွှင့်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၁၁၈ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ အောက်ဖော်ပြပါအငယ်တန်းအင်ဂျင်နီယာ (၁) ရာထူးရှိ အမှုထမ်း (၁၀) ဦးအား ယင်းတို့နှင့် ယှဉ်တွဲပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဦးစိုးမြင့် | အငယ်တန်းအင်ဂျင်နီယာ (၁)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စက်မှုဌာနခွဲ |

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၂) | ဦးထွေးအေးခိုင် | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၃) | ဦးကိုကိုအောင် (၁) | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၄) | ဦးသန်းနိုင် | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၅) | ဦးအောင်နိုင်စိုး | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၆) | ဦးကျော်ကျော်ခိုင် | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၇) | ဦးနေဆန်းလင်း | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၈) | ဦးသက်မောင်ဦး | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၉) | ဦးမောင်ဝင်း | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |
| (၁၀) | ဦးနိုင်အောင်မိုး | အငယ်တန်းအင်ဂျင်နီယာ (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) စက်မှုဌာနခွဲ |

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

အမှတ် ၁၁၉ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တေးဂီတဌာနခွဲမှ အောက်ဖော်ပြပါအနုပညာရှင် (၁) အား ယင်းနှင့် ယှဉ်တွဲပါရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|
| ဒေါ်ဇာခြည်မွန် | အနုပညာရှင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (သံစုံ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တေးဂီတဌာနခွဲ |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် ( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

၁။ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၅) အရ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသည့် အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး (၁၃) ဦး တို့သည် ဒုတိယညွှန်ကြားရေးမှူး၏တာဝန်ဝတ္တရားများကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဒေါ်ခင်ကျော့ကျော့
(ခ) ဒေါ်ခင်မျိုးဆွေ
(ဂ) ဒေါ်ခင်မျိုးဝင်း
(ဃ) ဦးငွေအောင်
(င) ဦးခင်မောင်အေး
(စ) ဦးမောင်မောင်တာ
(ဆ) ဒေါ်အေးအေးဝင်း
(ဇ) ဦးအောင်နိုင်
(ဈ) ဒေါ်ယုယုမွန်
(ည) ဦးမောင်မောင်သန်း
(ဋ) ဦးရဲကျော်
(ဌ) ဒေါ်ခင်မင်းမင်းဦး
(ဍ) ဒေါ်ငွေငွေဝင်း

၂။ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၅) အရ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသည့် အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦး တို့သည် ဒုတိယညွှန်ကြားရေးမှူး၏တာဝန်ဝတ္တရားများကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးသန့်စင်
(ခ) ဒေါ်အေးအေးသိန်း

၃။ အဆိုပါ အရာထမ်း (၁၅) ဦးတို့အား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၃၁၀,၀၀၀/-ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၈၁/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၀/ကဒါကွင်းပိုင်း၊ ဦးပိုင်အမှတ် - (၆၃) မှ မြေဧရိယာ (၀. ၀၈၀) ဧက၊ ဦးပိုင်အမှတ် - (၆၄) မှ မြေဧရိယာ (၀. ၀၈၀) ဧက၊ **စုစုပေါင်း မြေဧရိယာ (၀. ၁၆၀) ဧကအား စန္ဒရံသီ သီလရှင်စာသင်ကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

အမှတ် ၂၀။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းများကို အသစ်ဖြည့်စွက် ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**
**ပဲခူးတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၄၁။ | ကျွဲတဲကုန်း-မတော့ကုန်း-ကြို့ကုန်း-နှမ်းကုန်းလမ်း | | | ၃ | ၀. ၅ | | | | | |
| ၄၂။ | မင်းလှ-စိန်ကန့်လန့်-ဖဒို-ကျွန်းကုန်းလမ်း | | | ၈၄ | ၇ | | | | | |

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်း မိုင်အရှည်ကို (၉၆၄ မိုင် ၄. ၆၆ ဖာလုံ ၄၉၈ ပေ) အစား (၁၀၅၂ မိုင် ၄. ၁၆ ဖာလုံ ၄၉၈ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ခန့်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of Myanmar Companies Act and

**SIMBA COMPANY LIMITED**

Notice to Creditors

[Notice under Section 209 A (2)]

Notice is hereby given that the Creditors' Meeting of **Simba Company Limited** will be convened at Room No. 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, the Republic of the Union of Myanmar on February 24, 2016 at 10:00 a.m just after holding the shareholder's Extra-Ordinary General Meeting, for the following purposes:-

1. To appoint a suitable liquidator (or) liquidators for the purpose of winding-up the affairs and distributing the assets of the Company under Section 209 (B); and

2. To appoint, if they deem fit, a Committee of Inspection under Section 209 (C).

It is also notified that creditors are required to put up their claims together with supporting documents at the above address on or before the meeting date, failing which their claims will not be entertained in the liquidation and distribution of the assets.

Mr. Siriroj Phuthasiriwatana
Managing Director
Simba Company Limited

**NOTICE**

Commencement of Winding Up of the Affairs of
Inthanon Pte. Ltd. (Yangon Branch)

In pursuant of the Ministry of National Planning and Economic Development's Press Release No. 2/94 dated 14th January 1994, I hereby given notice that Inthanon Pte. Ltd. (Yangon Branch) will commence the winding up its affairs in Myanmar on January 15, 2016.

I, the undersigned Liquidator of the above named Company, have fixed February 15, 2016 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidators at the address given below, before the above date.

Building No. C 1, Room No. 005, Ground Floor,
Hninnsi Street, Yuzana Highway complex,
Kamayut Township, Yangon, Myanmar

U Than Tint of
Khin Su Htay & Associates Ltd.
Liquidator

**ဆန်းသစ်နိုင်ကုမ္ပဏီလီမိတက်**

**(Sann Thit Naing Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ဆန်းသစ်နိုင်ကုမ္ပဏီလီမိတက်** အား (၁၂. ၁. ၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် [B.Com (Q), C.P.A] အမှတ် - (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၂.၂.၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

သန်းသန်းနု
မန်နေးဂျင်းဒါရိုက်တာ
ဆန်းသစ်နိုင်ကုမ္ပဏီလီမိတက်
၏ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကမ္ဘောဇသစ္စာလှိုင်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

## (KANBAWZA THITSA HLAING PRODUCTION CO.,LTD.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကမ္ဘောဇသစ္စာလှိုင်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (KANBAWZA THITSA HLAING PRODUCTION CO.,LTD.)** အား (၁၁-၁၁-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B.Com, D.A) အား တွဲဖက်စာရင်းရှင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဟိန်းရွှေအေး (ခ) ဦးရွှေအေး
မန်နေးဂျင်းဒါရိုက်တာ
**KANBAWZA THITSA HLAING PRODUCTION CO.,LTD.**

ဦးမြတ်လွင်မိုး
(B.Com , C.P.A)
စာရင်းရှင်းလင်းရေးအရာရှိ
**"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြော်ငြာခြင်း

သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **သံလွင်မိုးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (Than Lwin Moe Mining Company Limited)** အား ၅-၁-၂၀၁၆ နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးသန်းစိုးလင်း၊ မှတ်ပုံတင်အမှတ် [၁၂/ကတတ (နိုင်) ၀၁၅၉၉၉] အမှတ် ၁၅၃၊ ပထမထပ် (ယာ)၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တင်ပြတောင်းခံနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ဒီးလေလှ
အုပ်ချုပ်မှုဒါရိုက်တာ
သံလွင်မိုးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်

သန်းစိုးလင်း
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ခွန်ပအိုဝ်း) ရွှေနှင့် တွင်းထွက်သတ္တု တူးဖော်ရေး ကုမ္ပဏီလီမိတက်
## (KHUN-PA-OH GOLD AND MINING COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ခွန်ပအိုဝ်း) ရွှေနှင့် တွင်းထွက်သတ္တု တူးဖော်ရေး ကုမ္ပဏီလီမိတက် (KHUN-PA-OH GOLD AND MINING COMPANY LIMITED)** အား (၇-၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းငွေငွေလတ်
မန်နေးဂျင်းဒါရိုက်တာ
ခွန်ပအိုဝ်း) ရွှေနှင့် တွင်းထွက်သတ္တု
တူးဖော်ရေး ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အေအီးအက်(စ်) ကုမ္ပဏီလီမိတက်
## (A E S COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အေအီးအက်(စ်) ကုမ္ပဏီလီမိတက် (A E S COMPANY LIMITED)** အား (၇-၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်လင်းအောင်
မန်နေးဂျင်းဒါရိုက်တာ
အေအီးအက်(စ်) ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဝါဝါခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်**
**(WAH WAH TRAVELS & TOURS CO.,LTD.)**
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဝါဝါခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက် (WAH WAH TRAVELS & TOURS CO.LTD)** အား (၇-၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအုန်းမြင့်
မန်နေးဂျင်းဒါရိုက်တာ
ဝါဝါ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**လင်းလက်သောကြယ် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်**
**(NOVA GENERAL INDUSTRIES CO.,LTD.)**
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **လင်းလက်သောကြယ် အထွေထွေစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (NOVA GENERAL INDUSTRIES CO.,LTD.)** အား (၇-၁-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိဖြူစင်ဌေး
မန်နေးဂျင်းဒါရိုက်တာ
လင်းလက်သောကြယ် အထွေထွေစက်မှုလုပ်ငန်း
ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အက်(ဖ်) အမ် အိုင် ပုလဲမြို့တော် ဖွံ့ဖြိုးရေးလီမိတက်
## (FMI Pearl City Development Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (ခ) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **အက်(ဖ်) အမ် အိုင် ပုလဲမြို့တော် ဖွံ့ဖြိုးရေးလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၁. ၁. ၂၀၁၆) နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ဒေါ်စန္ဒာအေး (B.Com, C.P.A) အမှတ် (၂၃)၊ အခန်း (၃၀၂)၊ အင်ကြင်းလမ်း၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၅. ၂. ၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသိမ်းဝေ (ခ) Mr. Serge Pun
မန်နေးဂျင်းဒါရိုက်တာ
အက်(ဖ်) အမ် အိုင် ပုလဲမြို့တော် ဖွံ့ဖြိုးရေး လီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်စန္ဒာအေး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း- ၀၉-၄၂၀၀၆၃၄၉၀

## ကြယ်စင်မြို့တော် သယ်ယူပို့ဆောင်ရေး လီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၉း၃၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

U Linn Myaing
Managing Director
Star City Transport Ltd.

ဒေါ်စန္ဒာအေး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ